## အမျိုးသားကျန်းမာရေးအာမခံနှင့်ပတ်သက်ပြီး

※အသက် 39 နှစ်အထိ

1 အမျိုးသားကျန်းမာရေးအာမခံစနစ်ဆိုသည်မှာ <အမျိုးသားကျန်းမာရေးအာမခံ>

ရောဂါ၊ ဒဏ်ရာရပြီး ဆေးရုံသို့သွားလျှင် ငွေ (ဆေးကုသစရိတ်) ကုန်ကျမည်ဖြစ်ပါသည်။

အမျိုးသားကျန်းမာရေးအာမခံသည် အာမခံအမည်စာရင်းသွင်းထားသောသူ၏ နေ့စဉ်ဝင်ငွေပေါ်တွင် မူတည်ပြီး အာမခံကြေးငွေအား ပေးဆောင်ထားခြင်းကြောင့် ဆေးကုသမှု၏ကုန်ကျစရိတ်တစ်စိတ်တစ်ပိုင်းကိုသာလျှင်ပေးချေရုံနှင့် ဆေးကုသမှုကိုခံယူနိုင်သည် ဆိုသည့် အပြန်အလှန်အကူအညီပေးနိုင်သော စနစ်ဖြစ်သည်။ လစဉ်လတိုင်း အာမခံကြေးငွေကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ အာမခံကြေးငွေပေးဆောင်သည့်အတွက် အမျိုးသားကျန်းမာရေးအာမခံဖြင့် ဆေးကုသမှုကိုခံယူနိုင်မည့်အခွင့်အရေးကို ရရှိမည်ဖြစ်ပါသည်။

<u>"ရောဂါဖြစ်မလား၊ မဖြစ်ဘူးလားဆိုတာ မသိဘူး" "အာမခံကြေးငွေကို မပေးချင်ဘူး" စသောအကြောင်းပြချက်များဖြင့် အမျိုးသားကျန်းမာရေးအာမခံ မဝင်ထားရှိမရပါ။ ထို့ပြင် အခြားသူများ၏ ကျန်းမာရေးအာမခံကတ်ပြားကို လုံးဝ အသုံးပြု၍မရပါ။</u>

2 အမျိုးသားကျန်းမာရေးအာမခံဝင်ထားခြင်းမှ ရပ်ဆိုင်းသည့် လုပ်ငန်းဆောင်တာနှင့်ပတ်သက်ပြီး <u>14 ရက်အတွင်းတွင် ရပ်ဆိုင်းမည့် လုပ်ငန်းဆောင်တာကို လုပ်ဆောင်ပါ။</u>

တိုကျိုမြို့နယ်မှ ပြောင်းရွှေ့ထွက်ခွာ (နိုင်ငံပြောင်းရွှေ့ထွက်ခွာ) သည့်အခါတွင် ပတ်စ်ပို့၊ နေထိုင်ခွင့်ကတ်ပြား၊ အမျိုးသားကျန်းမာရေးအာမခံကတ်ပြားကိုယူဆောင်ပြီး . အထွေထွေစုံစမ်းရေးဌာန သို့မဟုတ် မြို့နယ်ရုံးတွင် အမျိုးသားကျန်းမာရေးအာမခံဝင်ထားခြင်းမှ ရပ်ဆိုင်းမည့် လုပ်ငန်းဆောင်တာအဝဝကို လုပ်ဆောင်ပါ။

※ကာလရှည်ကြာနိုင်ငံပြောင်းရွှေ့ထွက်ခွာမည့်အခြေအနေဆိုလျှင် နိုင်ငံရပ်ခြားပြောင်းရွှေ့သည့်အကြောင်းကြား စာကိုပေးပို့ရမည်ဖြစ်သည်။ အကြောင်းကြားစာမပေးပို့လျှင် အာမခံကြေးငွေ ဆက်လက်ပေးဆောင်နေရမည်ဖြစ်ပါသည်။

※တိုကျိုမြို့နယ်မှ ပြောင်းရွှေ့ထွက်ခွာခြင်း သို့မဟုတ် အခြားသော ပြည်သူ့အာမခံပြုလုပ်ထားပါက ချက်ချင်းရပ်ဆိုင်းသည့် လုပ်ငန်းဆောင်တာအဝဝကို လုပ်ဆောင်ပါ။ တဖန် တိုကျိုမြို့နယ်၏ အမျိုးသားကျန်းမာရေးအာမခံကတ်ပြားကို အသုံးပြု၍မရပါ။ အကယ်၍ အသုံးပြုမိလျှင် ဆေးကုသမှုစရိတ်ကို ပြန်လည်ပေးအပ်ရပါမည်။

3 အာမခံကတ်ပြား၏ အကျုံးဝင်သည့် ကာလအပိုင်းအခြားသတ်မှတ်ချက်

အာမခံကတ်ပြားအကျုံးဝင်သည့် ကာလအပိုင်းအခြားသတ်မှတ်ချက်သည် ယေဘုယျအားဖြင့် နေထိုင်ခွင့်ကာလအပိုင်းအခြား သတ်မှတ်ချက်နှင့် အတူတူပင်ဖြစ်ပါသည်။ နေထိုင်ခွင့်ကာလအပိုင်းအခြားသတ်မှတ်ချက်ကို အသစ်ပြန်လည်လျှောက်ထားပြီးနောက် အာမခံကတ်ပြားနှင့် နေထိုင်ခွင့်ကတ်ပြားကိုယူဆောင်ပြီး အမျိုးသားကျန်းမာရေးအာမခံဌာနတွင် အာမခံကတ်ပြား၏ အကျုံးဝင်သည့် ကာလသတ်မှတ်ချက် အသစ်ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းဆောင်တာကို လုပ်ဆောင်ပါ။ အာမခံကတ်ပြား၏ အကျုံးဝင်သည့်ကာလ အပိုင်းအခြား သတ်မှတ်ချက်ကျော်လွန်သည့် အာမခံကတ်ပြားကို အသုံးပြု၍မရပါ။

4 အာမခံကြေးငွေနှင့်ပတ်သက်ပြီး <u>ကျောင်းသားများအား အာမခံကြေးငွေလျှော့ပေးခြင်း မရှိပါ။</u>

အမျိုးသားကျန်းမာရေးအာမခံ၏ အာမခံကြေးငွေသည် "အာမခံစည်းကြပ်ငွေပမာဏ" .နှင့် "ဝင်ငွေရာခိုင်နှုန်းပမာဏ" အဖြစ် ခွဲခြားပြီး တွက်ချက်ကောက်ခံပါသည်။

"အာမခံစည်းကြပ်ငွေပမာဏ" ဆိုသည်မှာ ဝင်ငွေနှင့်ပတ်သက်မှုမရှိဘဲ အာမခံအမည်စာရင်းသွင်းထားသောသူ တစ်ယောက်ချင်းစီမှ ကျသင့်ပေးဆောင်ရသည့် အာမခံကြေးငွေဖြစ်သည်။

"ဝင်ငွေရာခိုင်နှုန်းပမာဏ" ဆိုသည်မှာ ယခင်နှစ်အတွင်းရရှိသောဝင်ငွေ (ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရရှိသောဝင်ငွေ) မှ တွက်ချက်ထားသည့် အာမခံကြေးငွေဖြစ်ပါသည်။

◎ယခင်နှစ်အတွင်း ဝင်ငွေမရှိသောသူဖြစ်ပြီး <u>အစီရင်ခံစာတင်ပြထားပါက</u> (အသက် 39 နှစ်အထိ)

ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်၌ ဝင်ငွေမရှိသောသူသည် "အာမခံစည်းကြပ်ငွေပမာဏ" ပေးဆောင်ရမည် ဖြစ်သော်လည်း "ဝင်ငွေရာခိုင်နှုန်းပမာဏ" သည် ကုန်ကျမည်မဟုတ်ပါ။ ထို့ပြင် "အာမခံစည်းကြပ်ငွေပမာဏ" ၏ အာမခံကြေးငွေပမာဏ လျှော့ချသည့် စနစ်ရှိသည့်အတွက်ကြောင့် ဟဲဆေး 2022ခုနှစ်၊ ဘဏ္ဍာရေး နှစ်အတွင်း၌ အာမခံကြေးငွေသည် အောက်ပါအတိုင်း ဖြစ်ပါမည်။

(ဥပမာ) ယခင်နှစ်ဝင်ငွေ 0 ယန်း ဖြစ်ပါက
အာမခံစည်းကြပ်ငွေပမာဏ 16.590 ယန်း [55.300ယန်း×0.3 (အာမခံစည်းကြပ်ငွေပမာဏ၏ 7 ရာခိုင်နှုန်း အာမခံကြေး လျှော့ငွေပမာဏ)] +ဝင်ငွေပမာဏ 0 ယန်း= 16.590ယန်း
<u>အာမခံစည်းကြပ်ငွေပမာဏသည်နှစ်စဉ်ပြောင်းလဲမှုရှိသည်။</u>

◎ယခင်နှစ်အတွင်း ဝင်ငွေရှိသောသူ (အသက် 39 နှစ်အထိ)

"ဝင်ငွေရာခိုင်နှုန်းပမာဏ" နှင့် "အာမခံစည်းကြပ်ငွေပမာဏ" ဟသည့်အမျိုးအစားနှစ်မျိုး၏ အာမခံကြေးငွေပေးဆောင်ရမည်ဖြစ်သောကြောင့် ဟဲဆေး : 2022ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းပေးဆောင်ရမည့် အာမခံကြေးငွေသည် အောက်ပါအတိုင်းဖြစ်ပါမည်။
<u>အချိန်ပိုင်းအလုပ်ကို လုပ်လျှင် ဝင်ငွေပေါ်တွင်မူတည်ပြီး အာမခံကြေးငွေ မြင့်မည်ဖြစ်ပါသည်။</u> (ဝင်ငွေမှာ သတ်မှတ်ပမာဏထက်ပို၍ နိမ့်သောအခြေအနေတွင်မူ အာမခံစည်းကြပ်ငွေ၏ ငွေပမာဏလျှော့ချမှုရှိပါသည်။)

(ဥပမာ) ယခင်နှစ်ဝင်ငွေ 1,600,000 ယန်းရရှိပါက ။ ဝင်ငွေကို ပြောင်းလဲတွက်ချက်လိုက်လျှင် ယခင်နှစ်ဝင်ငွေ1,050,000ယန်း
အာမခံစည်းကြပ်ငွေပမာဏ 55.300 ယန်း + ဝင်ငွေရာခိုင်နှုန်းပမာဏ 58.528 ယန်း [(1,050,000ယန်း - 430,000 ယန်း) ×9,44%] = 113,828ယန်း
<u>အာမခံစည်းကြပ်ငွေပမာဏနှင့် ဝင်ငွေရာခိုင်နှုန်းပမာဏ၏ ငွေပမာဏအမျိုးအစားသည် နှစ်စဉ် ပြောင်းလဲမှုရှိသည်။</u>

ဝင်ငွေမရှိသော (အခြေခံသတ်မှတ်ထားသော ငွေပမာဏထက်ပို၍နည်းပါးသည့်) သူများသည်လည်း နှစ်စဉ်နှစ်တိုင်း နေထိုင်ခွင့်နှင့် ပတ်သက်သည့် အစီရင်ခံတင်ပြမှုကို မပြုလုပ်လျှင် အာမခံစည်းကြပ်ငွေပမာဏ၏ အာမခံကြေးငွေပမာဏ လျှော့ချပေးခြင်းကို ရရှိမည်မဟုတ်ပါ။ နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီလ 1 ရက်နေ့တွင် နေရပ်လိပ်စာ တည်ရှိသည့်အစိုးရရုံးတွင်ရှိသော အခွန်တာဝန်ခံဌာနတွင် အစီရင်ခံတင်ပြမှုကို ပြုလုပ်ပါ။

ထို့ပြင် <u>အိမ်ပြောင်းရွှေ့မှုဖြင့် ဇန်နဝါရီလ 2 ရက်နေ့နောက်ပိုင်းတွင် တိုကျိုမြို့နယ်သို့ ပြောင်းရွှေ့ရောက်ရှိ လာသောသူများပေးဆောင်ရမည့် အာမခံကြေးငွေသည်</u> ယခင်နှစ်ဝင်ငွေကို မသိသည့်အတွက် ထိုပထမဆုံးအကြိမ်သည် အာမခံစည်းကြပ်ငွေပမာဏတစ်ခုတည်းဖြင့် တွက်ချက်မည်ဖြစ်ပါသည်။ ထိုနောက်ပိုင်းတွင် အစီရင်ခံထားသည့် မြို့၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ရရှိသည့်ဝင်ငွေကို စုံစမ်းပြီး ဝင်ငွေရာခိုင်နှုန်းပမာဏကို တွက်ချက်မည်ဖြစ်ပါသည်။ ထို့အတွက် <u>ဘဏ္ဍာရေးနှစ်အတွင်း အာမခံကြေးငွေ ပြောင်းလဲမှုရှိပါသည်။</u> (ဝင်ငွေမရှိ သို့မဟုတ် အခြေခံသတ်မှတ်ထားသော ငွေပမာဏထက်ပို၍ ဝင်ငွေနိမ့်ပါက အာမခံစည်းကြပ်ငွေပမာဏကို လျှော့ချပေးမည်ဖြစ်ပါသည်။)

ပြောင်းရွှေ့ခြင်းကို အကြောင်းကြားမှုပြုလုပ်ပြီးနောက် အခြားသော မြို့၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ခွင့်နှင့် ပတ်သက်သည့်အစီရင်ခံမှုကို ပြုလုပ်ထားသည့်သူများသည် တိုကျိုမြို့နယ် အမျိုးသားကျန်းမာရေးအာမခံဌာနသို့ ဆက်သွယ်ပါ။

**5 အာမခံကြေးငွေကို မပေးဆောင်လျှင်**

1. သတ်မှတ်ရက်အားနောက်ဆုံးထားပြီး မပေးဆောင်ပါက နှိုးဆော်စာ၊ သတိပေးစာကို ပေးပို့ပါမည်။
2. နှိုးဆော်စာပေးပို့သော်လည်း သတ်မှတ်ကာလအတွင်း မပေးဆောင်ပါက ဘဏ်၊ အလုပ်နေရာစသည်တို့တွင် ငွေကြေးဆိုင်ရာစစ်ဆေးခြင်း၊ ဘဏ်စာရင်း၊ လစာ စသည်တို့အား ချိပ်ပိတ်ခြင်း တို့ကို လုပ်ဆောင်မည်ဖြစ်သည်။
3. အာမခံကြေးငွေမပေးဆောင်သောကြောင့် ပြစ်ဒဏ်ပေးခြင်းအတွက် လိုအပ်သော စစ်ဆေးမှုများနှင့် ပတ်သက်သည့် မေးခွန်းများကို မဖြေခြင်း၊ လိမ်ညာ၍ဖော်ပြခြင်းများ ပြုလုပ်ပါက အများဆုံးထောင်ဒဏ် 1 နှစ်ဖြစ်စေ၊ အများဆုံးငွေဒဏ် ယန်း သောင်း 50 ဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သည်။
4. အာမခံကြေးအားမပေးဆောင်ပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနစသည်တို့တွင် စစ်ဆေးခံရမည်ဖြစ်သည်။
5. အာမခံကြေးငွေမပေးဆောင်မှုများ ကြိမ်ဖန်များလာပါက ထုတ်ပေးသည့် အာမခံကတ်ပြား၏ အကျုံးဝင်သည့် ကာလအပိုင်းအခြားသည် တိုတောင်းလာမည်ဖြစ်သည်။
6. အာမခံကြေးငွေမပေးဆောင်မှုများ ပိုမို၍ ကြိမ်ဖန်များလာပါက အာမခံကတ်ပြားအားထုတ်ပေးတော့မည်မဟုတ်ဘဲ ဆေးကုသစရိတ် အားလုံးကို ကိုယ်တိုင်ပေးဆောင်ရမည့် "အာမခံဝင်ထားသူ အရည်အချင်းသတ်မှတ်ချက် ထောက်ခံစာ" ကို ထုတ်ပေးမည်ဖြစ်ပါသည်။ အာမခံကြေးမပေးဆောင်ရသေးမှုပတ်သက်၍ စုံစမ်းမေးမြန်းရန်။ ။ တိုကျိုမြို့နယ် အမျိုးသားကျန်းမာရေးအာမခံဌာန ရသင့်ငွေကိုပြန်လည်ကောက်ခံခြင်းနှင့်အထွေထွေစီမံရေး၊ အထူးစီမံရေးအဖွဲ့ ဖုန်း။ ။ 03-3981-1294, 03-3981-1295

ဆက်သွယ်မေးမြန်းရန် : တိုကျိုမြို့နယ် အမျိုးသားကျန်းမာရေးအာမခံဌာန အရည်အချင်း . အာမခံကြေးငွေအုပ်စု

ဖုန်း : 03-4566-2377